PRODUCT-2

SMILE UP ... SEALER

ဂုဏ်သတ္တိများ

POLYURETHANE (PU 2K) နည်းပညာကို အခြေခံထားသော သစ်အောက်ခံဆေး အမျိုးအစား ဖြစ်ပါသည်။ ခြောက်သွေ့ချိန် မြန်ဆန်၍ SANDING POWER ကောင်းမွန်မှုကြောင့် ကော်ပတ်စားရ လွယ်ကူပေ့ါပါးသည်။ သစ်များတွင်ရှိသော အနာအဆာများရှိပါက WOOD PUTTY နှင့် SMILE UP FILLER ဖြည့်ပြီး SMILE UP SEALER အားအသုံးပြုမည်ဆိုပါက သစ်သားမျက်နှာပြင်ရှိ အပြစ်အနာ အဆာများ ပျောက်ပြီး ချောမွတ်သော သစ်ချောသား များကိုရရှိနိုင်ပါသည်။ သစ်သားများမှ ထွက်ရှိသော အစိဓာတ် နှင့် သစ်စေးများကို SMILE UP SEALER သုံး၍ တားဆီး နိုင်ပါသည်။ ဆေးသားကြည်လင်၍ မြင့်မားသော အပူချိန်များကို ခံနိုင်ရည်ရှိပါသည်။ အပေါ်ဆေး TOP COAT ၏ ကုတ်အား အား ခံနိုင်ရည်ရှိပြီး ဆေးသားမာကြောကျစ်လစ်သည်။

အသုံးပြုရန်အညွှန်း

အသုံးမပြုမှီ သစ်သားမျက်နှာပြင်ကို သန့်ရှင်းခြောက်သွေ့အောင် ထားရပါမည်။ အမှုန် နှင့် ဆီချေးများ ကင်းစင်နေရပါမည်။ PUTTY / FILLER သုတ်ထားသော မျက်နှာပြင်အား (၄) နာရီ အကြာတွင် ကော်ပတ်စား၍ သန့်ရှင်းမှုပြုလုပ်ပြီး SEALER ကို SPRAY (OR) BRUSH ဖြင့် သုံးနိုင်ပါသည်။

- ဆေးဖျော်စပ်ရန်အချိုး

	SEALER	:	HARDENER	:	THINNER # 200
	2	:	1	:	40~60% (မှုတ်ဆေးအဖြစ်သုံးရန်)
	2	:	1	:	10~30% (သုတ်ဆေးအဖြစ်သုံးရန်)

- အသုံးပြုနိုင်သောအကျယ်အဝန်းမှာ 80-100 g/m^2
- ပုံမှန် ခြောက်သွေ့ရန်ကြာချိန်မှာ (၂ မိနစ် မှ ၂၄ မိနစ်) အတွင်းဖြစ်ပြီး (၂) နာရီ နှင့် အထက် စောင့် ၍ ကော်ပတ်နံပါတ် (180-240) တို့ဖြင့် ကော်ပတ်တိုက်ပြီးမှသာ Sealer 2nd Coat အား သုတ်သင့် ပါသည် ။ (ခြောက်သွေ့ချိန်သည် ရာသီဥတု အမျိုးအစား ပေါ်တွင်လည်း မူတည် ပါသည်။)
- ဆေးဖျော်စပ်ပေးပြီးသား ဆေးများကို (၂) နာရီ မှ (၂) နာရီခွဲ အတွင်းသုံးစွဲရပါမည်။

သတိပြုရန်အချက်များ

- ➢ ဆေးကို အသုံးမပြုမှီ ဆေးဘူးကို လှုပ်ခါရပါမည် ၊ မွှေတံဖြင့် နှံ့စပ်အောင်မွှေပြီးမှသာ အသုံးပြုရ ပါမည်။
- ➢ ဆေးဘူးကို မှောင်၍အေးသောနေရာတွင် သိမ်းဆည်းရပါမည်။ နေရောင်ခြည်နှင့် တိုက်ရိုက် ထိတွေ့ မှုမရှိ အောင် ထားရပါမည်။
- ➢ အသုံးပြုပြီးသော ဆေးဘူးများကို သေချာစွာအလုံပိတ်ပြီးမှ သိမ်းဆည်းသင့်ပါသည်။ အဖုံးမလုံပါက လေနှင့်အလွယ်တကူဓာတ်ပြုသွားပြီး ဆေးသားများခမ်းခြောက်၍ ဆေး၏ အာနိသင် ပျက်ပြယ်သွား နိုင်ပါသည်။